# ဗမာပြည်ကွန်မြူနစ်ပါတီတွင်းရှိ **BIA, BDA, PBF** တပ်မတော်သားဟောင်းများ၏ ဒုတိယအကြိမ် တပ်မတော်သို့ပန်ကြားချက်

(၂၆– ၆– ၂၀၀၃)

၁။ ဗိုလ်ချုပ်အောင်ဆန်းကျဆုံးတာ ၅၆ နှစ်ရှိတော့မည်။ သူ့သမီး ထောင်ထဲရောက်နေတာလည်း တလပြည့်တော့မည်။ ဗိုလ်ချုပ်အောင်ဆန်းကျဆုံးတာက နယ်ချဲ့လက်ပါးစေလက်ချက်နဲ့ ကျဆုံးရတာ ဖြစ်သည်။ ဂုဏ်ရောင်ပြောင်သည်။ ငါတို့ဖြေသာသည်။

သူ့သမီးကိုထောင်ထဲပို့ပြီး သတ်နေတာက စစ်အုပ်စု။ ဗိုလ်ချုပ်တည်ထောင်ခဲ့တဲ့တပ်မတော်ကို အပိုင်စီးထားပြီး အာဏာသိမ်းထားတဲ့စစ်အုပ်စု။ တိုင်းပြည်ကို ချောက်ထဲမကျကျအောင် တွန်းချနေတဲ့စစ်အုပ်စု။ အဲဒီလိုဖြစ်နေလို့ ငါတို့အလွန်ရင်နာသည်။

၂။ ပထမပန်ကြားချက်တုန်းက မကြာမီ အာဆီယံကို အာခံရတော့မည်ဟု ကျွန်ုပ်တို့ နိမိတ်ဖတ်ခဲ့သည်။ ယခု လက်တွေ့ဖြစ်သွားပြီ။ အာဆီယံ အစည်းအဝေးတက်ရသော နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့မှာ ပယ်ပယ်နယ်နယ်အနိမ်ခံလိုက်ရသည်။ တုန်လှုပ်ခြောက်ခြားနေသော သူတို့၏ သတင်းဓာတ်ပုံများကို တွေ့လိုက်ရသည်။ ကျွန်ုပ်တို့ဝမ်းမသာပါ။ ဂုဏ်ယူစရာဟု မထင်ပါ။ တိုင်းပြည်ကိုယ်စားရှက်ပါသည်။

၃။ ပထမ ပန်ကြားချက်တွင် "သားရွှေအိုးထမ်းလမ်းစဉ်" လုပ်ဖို့ တိုက်တွန်းခဲ့သည်။ ယခု အချိန်မနှောင်းသေးပါ။ ဤလမ်းသည်သာလျှင် တိုင်းပြည်အတွက် အကောင်းဆုံးလမ်းဖြစ်၍ တိုက်တွန်းနေခြင်းဖြစ်ကြောင်း တပ်မတော်သားများ နားလည်စေချင်ပါသည်။

ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်ပါလျက် အမေရိကန်က အီရတ်တွင်လုပ်သလို လုပ်လာလျှင် ကျွန်ုပ်တို့ လက်ပိုက်ကြည့်နေမည်မဟုတ်ပါ။ ပြည်ချစ်တပ်မတော်ဖွဲ့ပြီး ပြန်တိုက်ပါမည်။ ဒုတိယ ဗီယက်နမ်စစ်မျိုး ကျွန်ုပ်တို့ တိုက်နိုင်ပါသည်။ တိုက်ဝံ့ပါသည်။ သို့သော် တရုတ်ပြည်၊ အိန္ဒိယပြည်နှင့် အာဆီယံအဖွဲ့၏ ဗဟိုချက်တွင်ရှိသော ဗမာပြည်ကို အီရတ်မှာလုပ်သလို အမေရိကန်လုပ်ဝံ့မည်မဟုတ်ဟု ကျွန်ုပ်တို့တွက်ထားပါသည်။ ထို့ကြောင့် "သားရွှေအိုးထမ်းလမ်းစဉ်" အောင်မြင်နိုင်ပါသည်။

'တပ်မတော်' အနေနှင့် ဂုဏ်ရောင်ပြောင်သည့်လမ်းကို ရွေးနိုင်ကြပါစေဟု ဆန္ဒပြုပါသည်။